## ကွမ်းတွင်ကျရောက်တတ်သောရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ

**(၃) ဒေါင်းမြီးကွက် (ခေါ်) ရွက်ခြောက်ရောဂါ (လက္ခဏာ) (Leaf blight)**

**ရောဂါဖြစ်စေသက်ရှိ - *Glomerella cingulata* (Stonem.) Spauld. & Schrenk**

**ရောဂါလက္ခဏာများ**

အရွက်ထိပ်နားမှစ၍ညိုမဲသောအနာကွက်စတင်ဖြစ်ပေါ်ကာ အရွက်ရင်းပိုင်းအထိ ကြီးမား ကျယ်ပြန့်လာကာ ရွက်ကြောအလိုက်ခြောက်သွားသည်။ ရောဂါကွက်သည် ဒေါင်းမြီး ကွက် ကဲ့သို့ဖြစ်ပေါ်လာကာ အရွက်ခြောက်လာသောကြောင့် ဒေါင်းမြီးကွက် (ခေါ်) ရွက်ခြောက် ရောဂါဟုခေါ်သည်။ မိုးဆက်တိုက်ရွာပါက ရွက်ညှာ၊ အကိုင်းနှင့် ပင်စည်တို့အထိ ရောဂါပျံ့ နှံ့နိုင်သည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါရပင်ကြွင်းပင်ကျန်များအားဖျက်ဆီးမီးရှို့ပစ်ပါ။
- စိုက်ခင်းလေဝင်လေထွက်ကောင်းအောင်ဆောင်ရွက်ပါ။
- ခြံသန့်ရှင်းရေးဆောင်ရွက်ပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက ခူးယူဖျက်ဆီးပစ်ပြီး အောက်ဖော်ပြပါ မှိုသတ်ဆေး များပက်ဖျန်းအသုံးပြုနိုင်သည်။
    - Chlorothalonil (ကလိုရိုသာလိုနေးလ်)
    - Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)
    - Mancozeb (မန်ကိုဇက်)
    - Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)
    - Difenoconazole (ဒိုင်ဖီနိုကိုနာဇိုး)